**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားညီညွတ်ရေးအစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**https://moe.nugmyanmar.org**

**ကြေညာချက်အမှတ် (၆/၂၀၂၄)**
**၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့**
**( ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )**

**ကြားကာလအခြေခံပညာ ပြည်သူ့ပညာရေးကျောင်းအဖြစ် အသိအမှတ်ပြုခြင်းမှ ရုပ်သိမ်းကြောင်း ကြေညာချက်**

၁။ New Myanmar Education Online School သည် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မေလ(၂၆)ရက်နေ့စွဲပါ ကြေညာချက်အမှတ်(၈/၂၀၂၂)၊ ပြည်သူ့ပညာရေးကျောင်း အသိအမှတ်ပြုမူဝါဒနှင့် ပညာရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနတို့မှ ထုတ်ဝေသော Information and Technology Security Guidelines ကို သိရှိလိုက်နာပါမည်ဟု ခံဝန်ကတိပြုလက်မှတ်ရေးထိုးသည့်အတွက် ပညာရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်နေ့ ကြေညာချက်အမှတ် (၂/၂၀၂၃) အရ ကြားကာလအခြေခံပညာပြည်သူ့ပညာရေးကျောင်း အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် Online School ဖြစ်ပါသည်။

၂။ New Myanmar Education Online School သည် ၂၀၂၃ ခုနှစ်တွင် ကျောင်းတွင်းပြဿနာများ ဖြစ်ပေါ်ခဲ့သဖြင့် ၎င်းပြဿနာများကို အမျိုးသားညီညွတ်ရေးအစိုးရမှ ကြားနာစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ ကြားနာစုံစမ်းစစ်ဆေးခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဇွန်လ (၃၀)ရက်နေ့စွဲဖြင့် လိုက်နာဆောင်ရွက်ရမည့် အကြံပြုချက်များကို အသိပေးထုတ်ပြန်ခဲ့ပါသည်။ သို့သော်လည်း New Myanmar Education Online School သည် လိုက်နာဆောင်ရွက်ရမည့်အကြံပြုချက်များအားလုံးကို ယခုအချိန်ထိ ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ပါ။

၃။ သို့ပါ၍ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မေလ(၂၆)ရက်နေ့စွဲပါ ကြေညာချက်အမှတ်(၈/၂၀၂၂)၊ ပြည်သူ့ပညာရေးကျောင်း အသိအမှတ်ပြုမူဝါဒပါ နံပါတ်(၄)ကို လိုက်နာခြင်းမရှိသည့်အတွက် ပညာရေးဝန်ကြီးဌာန၏ (၃၁.၁.၂၀၂၄)ရက်နေ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ New Myanmar Education Online School အား ကြားကာလအခြေခံပညာ ပြည်သူ့ပညာရေးကျောင်းအဖြစ်အသိအမှတ်ပြုခြင်းမှ ရုပ်သိမ်းလိုက်သည်။

**ပညာရေးဝန်ကြီးဌာန**
**အမျိုးသားညီညွတ်ရေးအစိုးရ**